# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၁၆) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် အခွန်အကောက်များ အမြောက်အမြားရရှိနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် နိုင်ငံခြားသားများသာ ဝင်ရောက် ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၆ | မောက်မယ်မြို့နယ်၊ ဟိုလွိုင် ကျေးရွာအုပ်စု၊ ကုန်းမတ်လန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ကုန်းမတ်လန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်သစ်(၁)ဆောင် ခွင့်ပြုချမှတ် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသောမြို့များရှိ ကျောင်းသားကျောင်းသူများ တက်ရောက်ရန်အတွက် စက်မှုနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ပြဿနာ လျော့နည်းပြီး လုပ်ငန်းခွင်အသုံးဝင်မည့် အသက်မွေးဝမ်း ကျောင်းပညာကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | လွိုင်လင်မြို့နယ် အ.လ.က(ခွဲ)မြို့မ မိုင်းပွန်အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၁၀ | ခေါင်လန်ဖူးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မား လာစေရန်နှင့် ဒေသခံကျောင်းသူကျောင်းသား ကျောင်းခေါ်ချိန်အပြည့် သင်ကြား | ၁၇ |

နိုင်ရန်အတွက် အရည်အချင်းရှိ ဆရာ၊ ဆရာမများ ဖွဲ့စည်းပုံပြည့် စာသင်နှစ်အမီ စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် သစ်တော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၂၀

၁၂ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၀

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## (၁၆)ရက်မြောက်နေ့ အစီအစဉ်

## [ ၉–၂–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးခြင်းနှင့် အခွန်အကောက်များ အမြောက်အမြား ရရှိနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို တရားဝင် ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုလွိုင်ကျေးရွာအုပ်စု၊ ကုန်းမတ်လန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း– ကုန်းမတ်လန်းအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်သစ် (၁)ဆောင် ခွင့်ပြုချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသော မြို့များရှိ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ရန်အတွက် စက်မှုနည်းပညာ အထက်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ပြဿနာ လျော့နည်းပြီး လုပ်ငန်းခွင်အသုံးဝင်မည့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ **လွိုင်လင်မြို့နယ် အ.လ.က(ခွဲ) မြို့မ မိုင်းပွန်အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားလာစေရန်နှင့် ဒေသခံ ကျောင်းသူကျောင်းသားများ ကျောင်းခေါ်ချိန်အပြည့် သင်ကြားနိုင်ရန် အတွက် အရည်အချင်းရှိ ဆရာ၊ ဆရာမများ ဖွဲ့စည်းပုံပြည့် စာသင်နှစ် အမီ စေလွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **"သစ်တော ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**(၁၆)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဋ္ဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဋ္ဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊
(၂) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၃) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၅) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊
(၆) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၇) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊
(၈) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊
(၉) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊
(၁၀) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၁၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၁၂) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊
(၁၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၁၄) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၁၅) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၁၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၁၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၁၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၁၉) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခ္ခာညိုဦး ခွင့် ၁ ရက်နှင့်
(၂၀) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၇ ဦးရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်များ စတင်ဆောင်ရွက်ပါမယ်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် အခွန်အကောက်များ အမြောက်အမြားရရှိနိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးခြင်းနှင့် အခွန်ကောက်လုပ်ငန်း အမြောက်အမြားရရှိနိုင်တဲ့အတွက် ကမ္ဘာလှည့်ခရီးသည်များသာ လာရောက်လေ့ရှိတဲ့ ရေပေါ်ကျွန်းတွေမှာ နိုင်ငံ

ခြားသားများသာဝင်ရောက်ကစားခွင့်ရှိတဲ့ Casinoလုပ်ငန်းများကို ခွင့်ပြုနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ Casino လုပ်ငန်းက ဝင်ငွေကောင်းတဲ့လုပ်ငန်းတစ်ခုပါ။ ကျွန်တော့်ကို Power Point နဲ့တင်ပြခွင့်ပြုပါခင်ဗျား။ မက္ကာအိုမှာရှိတဲ့ Casino တွေကနေပြီးတော့၊ တခြားကံစမ်းကစားတဲ့နည်းတွေကနေပြီးတော့ တစ်နှစ်တာရတဲ့ဝင်ငွေ ဖြစ်ပါတယ်။ တစ်နှစ်တာလည်ပတ်နေတဲ့ဝင်ငွေက အမေရိကန်ဒေါ်လာသန်းပေါင်း ၃၃၀၀၀ လောက်ရှိပြီးတော့ အစိုးရက အကောက်ခွန်ရငွေကတော့ ဒေါ်လာသန်း ၃၀၀၀ လောက်ရှိတယ်လို့ သိရှိရပါတယ်။ မက္ကာအိုကနေပြီးတော့ တရားဝင်ထုတ်ပြန်တဲ့ကိန်းဂဏန်းတွေအရ သိရှိရတာဖြစ်ပါတယ်။ အဲဒီတော့ မက္ကာအိုဆိုလို့ရှိရင် ကျွန်းနိုင်ငံလေးဖြစ်ပြီးတော့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလေးဖြစ်ပြီးတော့ နိုင်ငံကလည်း တော်တော်လေးသေးပါတယ်။ ဧရိယာအကျယ်အဝန်းကလည်း ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ မင်္ဂလာဒုံမြို့နယ်လောက်ပဲရှိပါတယ်။ အဲတော့ အဲဒီလုပ်ငန်းကနေပြီးတော့ရတဲ့ဝင်ငွေဟာများတဲ့အတွက် အစိုးရက သူ့မှာငွေပိုငွေလျှံတွေလည်း အရမ်းဖြစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် နိုင်ငံခြားကြွေးမြီဒေါ်လာ ၁၀ ဘီလီယံလောက်အကြွေးတင်နေပေမဲ့ မက္ကာအိုမှာဆိုလို့ရှိရင် ၅၅ ဘီလီယံလောက်အစိုးရမှာပိုနေပါတယ်။ ဒီမက္ကာအိုအစိုးရက ခြောက်နှစ်လုံးလုံးပြည်သူဆီက တစ်ပြားတစ်ချက်မှအခွန်မကောက်ဘဲနဲ့ လည်ပတ်နိုင်တဲ့ပိုက်ဆံပမာဏလည်း စုဆောင်းရရှိနေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းက တော်တော်လေးကို အကျိုးစီးပွားဖြစ်ထွန်းတဲ့လုပ်ငန်းဆိုတာ လေ့လာသိရှိနိုင်ပါတယ်။

ဒါက စင်ကာပူနိုင်ငံရဲ့အစိုးရကနေထုတ်ပြန်တဲ့ကိန်းဂဏန်းတွေပါ။ စင်္ကာပူနိုင်ငံမှာ အစိုးရက ရရှိ တဲ့ဝင်ငွေအားလုံးရဲ့ ၆ ရာခိုင်နှုန်းက Casino လုပ်ငန်းတွေကနေ ရရှိတယ်လို့သိရှိရပါတယ်။ ဒေါ်လာ သန်း ၂၇၀၀ လောက်လည်း ရပါတယ်။ သူတို့လည်ပတ်နေတဲ့ပမာဏကိုတော့ မသိရှိရပေမဲ့ အစိုးရကောက်ခံရရှိတဲ့အခွန် အသားတင်အမြတ်တွေကို အမေရိကန်ဒေါ်လာသန်းပေါင်း ၂၇၀၀ လောက်ရရှိတဲ့အတွက် အရှေ့တောင်အာရှမှာရှိတဲ့ စင်ကာပူလောက်သာ Casino လုပ်ငန်းဖွံ့ဖြိုးတိုးတက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်တွေကို သုံးဆလောက်တိုးမြှင့်နိုင်မယ့် အခြေအနေမျိုးဖြစ်ပါတယ်။ နောက်ဒီလုပ်ငန်းက အကျိုးအမြတ်များတဲ့အတွက် ဗီယက်နမ်နိုင်ငံကလည်း ၂၀၁၇ ခုနှစ်မှာစပြီးတော့ Casino လုပ်ငန်းတွေကို စတင်ခွင့်ပြုပြီးတော့ စင်ကာပူနဲ့မက္ကာအိုနိုင်ငံတွေနဲ့ စတင်ယှဉ်ပြိုင်နေပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက အစိုးရကနေပြီးတော့ ကံစမ်းလုပ်ငန်းတစ်ခုဖြစ်တဲ့အောင်ဘာလေသိန်းဆုလုပ်ငန်းဟာ တစ်ခုတည်းသောလုပ်ငန်းပါ။ အောင်ဘာလေသိန်းဆုကနေပြီးတော့ ရရှိတဲ့ငွေဟာ ဒေါ်လာနဲ့တွက်မယ်ဆိုရင် သန်း ၃၀ လောက်ပဲရမှာပါ။ အဲဒီတော့ စုစုပေါင်းကောက်ခံရရှိတဲ့အခွန်ငွေရဲ့မပြောပလောက်တဲ့ပမာဏပဲ ရရှိတာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံက အောင်ဘာလေထီရဲ့လည်ပတ်နေတဲ့ဟာက အမြတ်မဟုတ်ပါဘူး။ အောင်ဘာလေထီကလည်ပတ်နေတာ အမေရိကန်ဒေါ်လာနဲ့တွက်ရင် ၈၇ သန်းလောက်ပဲရှိပါတယ်။ အမြတ်ရရှိငွေက အဲဒီထက်တောင်နည်းပါတယ်။ အောင်ဘာလေထီကလည်း ပြည်သူဆီက ပြန်ကောက်တဲ့ဟာပါ။ အခုကျွန်တော်တင်ပြတဲ့မေးခွန်းကတော့ နိုင်ငံခြားသားဆီကနေပြီးတော့ ပိုက်ဆံရှာတဲ့ကိစ္စကို တင်ပြခြင်းဖြစ်ပါတယ်။ စင်္ကာပူမှာဆိုလို့ရှိရင် ဒေါ်လာသန်းပေါင်း ၂၇၀၀ လောက် အစိုးရက အသားတင်အမြတ်ရပါတယ်။ မက္ကာအို

မှာတော့ သန်း ၃၀၀၀ လောက်အမြတ်ရပြီးတော့ လည်ပတ်နေတဲ့ငွေကတော့ ဒေါ်လာသန်းပေါင်း ၃၃၀၀၀ လောက်ထိရှိပါတယ်။ အဲဒီတော့ သူတို့နိုင်ငံတွေမှာလည်း အဓိကငွေရှာတာက သူတို့နိုင်ငံသားတွေဆီကနေ ရည်ရွယ်ပြီးတော့ရှာတာမဟုတ်ပါဘူး။ နိုင်ငံခြားသားတွေကနေပြီးတော့ အဓိကရှာတာပါ။ Passport တွေပြပြီးတော့မှ နိုင်ငံခြားသားဖြစ်မှဝင်လို့ရတဲ့ Casino ရုံတွေဖြစ်ပါတယ်။ ဒီလုပ်ငန်းက ဘာ့ကြောင့်အဲဒီလောက် အမြတ်ရနေလဲဆိုလို့ရှိရင် (၁)က Casino လုပ်ငန်းက လိုင်စင်ရတာနဲ့တင် ဝင်ငွေကတအားရပါတယ်။ (၂)က အဲဒီ Casino ကို လာပြီးတော့လည်ပတ်တဲ့နိုင်ငံခြားသားတွေ၊ ပြီးတော့ ဟိုတယ်တွေ၊ အစားအသောက်တွေက ထပ်ပြီးတော့ ရပါတယ်။ နောက်တစ်ခုက Casino မှာဝင်ရောက်ကစားတဲ့အခါကျတော့ အနိုင်ရတဲ့ပုဂ္ဂိုလ်များက အဲဒီငွေကို ဒီတိုင်းထုတ်မပေးပါဘူး။ အစိုးရကိုအခွန်ဆောင်ပြီးမှ ထုတ်ပေးတဲ့အတွက် အခွန်တစ်ခါထပ်ရပါတယ်။ နောက်အဲဒီ Casino လုပ်ငန်းကို လုပ်နေတဲ့ကုမ္ပဏီတွေက တစ်နှစ်စာလုံးအမြတ်ငွေကိုလည်း အစိုးရကနေ ဝင်ငွေခွန်အနေနဲ့ ထပ်ကောက်ပါတယ်။ လေးထပ်လောက်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ဝင်ငွေအရမ်းကောင်းနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုလုပ်ငန်းမျိုးကို ခွင့်ပြုနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်မှ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကနေ့အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်လှိုင်ဝင်းက မေးမြန်းထားတဲ့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် အခွန်အကောက်များအမြောက်အများရရှိနိုင်သည့်အတွက် နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိတဲ့ Casino လုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများမှ လာရောက်လည်ပတ်လေ့ရှိတဲ့ ရေပေါ်ကျွန်းများပေါ်တွင် တရားဝင်ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားမှတ်ချက်၊ ၂၁-၁၂-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်သော ဒုတိယအကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီရဲ့အစည်းအဝေးမှာ ဗဟိုကော်မတီဝင်များက ဆွေးနွေးချက်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ထပ်မံပေးပို့သော သဘောထားများပေါင်းစပ်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဟာ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေနှင့်အညီ ဟိုတယ်နှင့်တည်းခိုရိပ်သာ၊ ခရီးလှည့်လည်ရေး၊ ပို့ဆောင်ရေးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များကို ခွင့်ပြုပေးလျက်ရှိပါတယ်။ သို့ရာတွင် Casino လုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ခွင့်ပြုထားခြင်းမရှိသေးပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ Casino လုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၃၀-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)၌ပါရှိသော

စီးပွားရေးလုပ်ငန်းဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ချက်များမှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဆောင်ရွက်နိုင်တဲ့လုပ်ငန်းများ၌ နိုင်ငံခြားသားများအတွက် Casino လုပ်ငန်း(Casino Business for foreigners)ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းအရ ကန့်သတ်ဇရိယာများတွင် တည်ရှိသည့် ဟိုတယ်များတွင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်သည်၊ မြန်မာနိုင်ငံသားများအား ကစားခွင့်မပြုရဟု ဖော်ပြထားပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့အပေါ် ပြည်ထဲရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၇၊ ၈၊ ၉ တို့တွင် ပြဋ္ဌာန်းတားမြစ်ချက်များအရ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်လေ့ရှိတဲ့ ရေပေါ်ကျွန်းများအပေါ် Casino လုပ်ကိုင်ခြင်းများသည် လောင်းကစားဥပဒေပါ တားမြစ်ချက်များနှင့် အကျုံးဝင်သည်ကို တွေ့ရှိပါကြောင်း၊ လောင်းကစားဥပဒေတွင် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဟူ၍ ခွဲခြားပြဋ္ဌာန်းထားခြင်းမရှိတဲ့အပြင် မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား၊ နိုင်ငံခြားသားများအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ထုတ်ပြန်ထားသည့် လောင်းကစားဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရန်တာဝန်ရှိပါကြောင်းနှင့် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လက်ရှိတည်ဆဲဥပဒေဖြစ်ပါသဖြင့် နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိတဲ့ ရေပေါ်ကျွန်းများပေါ်တွင် တရားဝင်ခွင့်ပြုပေးခြင်းသည် လောင်းကစားဥပဒေပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေကြောင်း ပြန်ကြားထားရှိပါတယ်။

အဆိုပါ Casino လုပ်ငန်းနှင့်စပ်လျဉ်း၍ ၁-၁၂-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်သော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုကော်မတီဝင်များက ဆွေးနွေးကြရာတွင် Tourism ဖွံ့ဖြိုးတိုးတက်ဖို့ရာ လုပ်ဆောင်ရာတွင် Business Assess အနေဖြင့် စဉ်းစားလုပ်ဆောင်၍မရကြောင်း၊ Innovative thinking နှင့် စဉ်းစားလုပ်ဆောင်ရန် လိုကြောင်း၊ ပြုပြင်သင့်သည်များကို ပြုပြင်ရမည်ဖြစ်ပါကြောင်း၊ နောက်ဆုံး Casino တောင်ဖွင့်သင့်ရင်ဖွင့်ရမှာဖြစ်ပါကြောင်း၊ နိုင်ငံခြားသားတွေ ကစားလို့ရမည့် Casino ဖွင့်ရန် လောင်းကစားဥပဒေနှင့်ငြိစွန်းနေပါက ပြုပြင်သင့်သည့်ဥပဒေကို ပြင်ရမည်ဖြစ်ပါကြောင်း၊ ဖြေလျှော့သင့်သည်များကိုဖြေလျှော့ရပါမည်ဟူ၍လည်းကောင်း ဆွေးနွေးခဲ့ကြပါတယ်။

၎င်းအပြင် အချို့ဗဟိုကော်မတီဝင်များက လာအိုနိုင်ငံသည် မြန်မာ-လာအို-ထိုင်းနိုင်ငံ နယ်စပ်(Gold Triangle)ဒေသတွင် Casino လုပ်ငန်းလုပ်ကိုင်ခွင့်ပြုလိုက်ပြီးဖြစ်ပါကြောင်း၊ ခွင့်ပြုလိုက်တာနှင့်အတူ ကွန်မြူနစ်နိုင်ငံဖြစ်သော လာအိုနိုင်ငံသည် အတော်ဖွံ့ဖြိုးတိုးတက်သွားသည်ကို တွေ့ရပါကြောင်း၊ မလေးရှားနိုင်ငံသည်လည်း Casino ဖွင့်ခွင့်ပြုထားပါကြောင်း၊ ကမ္ဘာမှာ စည်းကမ်းတင်းကြပ်တဲ့ စင်ကာပူနိုင်ငံတွင်လည်း မြေရှားသည့်အတွက် ကျွန်းအတုများဖန်တီးပြီး ဟိုတယ်များဆောက်လုပ်၍ Casino Island အား တည်ထောင်ထားရှိပါကြောင်း၊ အကြံပြုထင်ပြသွားကြပါ၍

Casino လုပ်ငန်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အခွန်ကောက်ဝင်ငွေရရှိနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်မျိုးဖြစ်ကြောင်း သိသာထင်ရှားပါတယ်။

ယင်းဗဟိုကော်မတီရဲ့အစည်းအဝေး၌ ဆွေးနွေးချက်များအပေါ်အခြေခံ၍ ယခုကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိတဲ့ ရေပေါ်ကျွန်းများအပါအဝင် မြန်မာနိုင်ငံအတွင်းခွင့်ပြုနိုင်မယ့်ဇရိယာတွင် တည်ရှိသောဟိုတယ်များတွင် Casino လုပ်ငန်းကို နိုင်ငံခြားသားဧည့်သည်များအတွက် ခွင့်ပြုသည့်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးရန်အပေါ် ၂၈-၁၂-၂၀၁၇ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်ထပ်မံတောင်းခံခဲ့ရာ နိုင်ငံခြားသားဧည့်သည်များအတွက်သာ ခွင့်ပြုသည့်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုမည့်ကိစ္စအပေါ် သဘောတူပါကြောင်းနှင့် မြန်မာနိုင်ငံသားများအတွက် မည်ကဲ့သို့ကနဲ့သတ်ထိန်းချုပ်သွားမည်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုပြန်ကြားလာပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားသော နိုင်ငံခြားသားများသာ ဝင်ရောက်ကစားခွင့်ရှိသည့် Casino လုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိသည့် ရေပေါ်ကျွန်းများပေါ်တွင် တရားဝင်ခွင့်ပြုနိုင်ရေးကိစ္စရပ်မှာ ဥပဒေအရဆောင်ရွက်ခွင့်ပြုပေးနိုင်ခြေ မရှိသေးသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုရေးကိစ္စပါ မကန့်ကွက်ပါ၍ လုပ်သာကိုင်သာရှိမယ့်အခြေအနေကို တွေ့ရှိလာရပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောတူခွင့်ပြုချက်များ၊ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ လက်ရှိလောင်းကစားဥပဒေကို လိုအပ်သလို ပြင်ဆင်ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးပြီးလျှင် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ လိုအပ်သောခွင့်ပြုမိန့်များတောင်းခံပြီးဆောင်ရွက်ခွင့်ပြုပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မောက်မယ်မြို့နယ်၊ ဟိုလွိုင် ကျေးရွာအုပ်စု၊ ကုန်းမတ်လန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကုန်းမတ်လန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်သစ်(၁)ဆောင် ခွင့်ပြုချမှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မောက်မယ်မြို့နယ်အတွင်း

ရှိ ဆက်သွယ်သွားလာရန်ခက်ခဲသော ကျေးလက်ဒေသနေ တိုင်းရင်းသားရင်သွေးငယ်ကလေးများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် ဒီမေးခွန်းကိုမေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

မောက်မယ်မြို့နယ်၊ ဟိုလွိုင်ကျေးရွာအုပ်စု၊ ကုန်းမတ်လန်းကျေးရွာသည် ဝေးလံခေါင်သီဒေသ တစ်ခုတွင်တည်ရှိသဖြင့် ယခင် ရ.ယ.လ.ဖ အဖွဲ့ငြိမ်းချမ်းရေးရယူစဉ်က အ.မ.က ဆောင်ကျဲ အမည်ဖြင့် မိုးနဲမြို့နယ်အမည်စာရင်းပေါက် စာသင်ကျောင်းတစ်ဆောင် ဖွင့်လှစ်ခဲ့ဖူးပါသည်။ ထိုစာသင်ကျောင်းသည် မောက်မယ်မြို့နယ်ဧရိယာထဲတည်ရှိသဖြင့် မောက်မယ်မြို့နယ်အမည် စာရင်းပေါက် စာသင်ကျောင်းဖြစ်ရန် ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် တင်ပြတောင်းဆို ခဲ့သော်လည်း ပြီးဆုံးသည်ထိမဆောင်ရွက်နိုင်ခဲ့ပါ။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ထပ်မံတင်ပြခဲ့သဖြင့် ယခုအခါ အ.မ.က ကုန်းမတ်လန်းအမည်ဖြင့် မောက်မယ်မြို့နယ်အမည်စာရင်းပေါက် စာသင်ကျောင်းအဖြစ် ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ကျောင်းသားအင်အား များပြားပါတယ်။ သို့ပေမဲ့ ကျောင်းဆောင်များဟာ အိုမင်းဟောင်းနွမ်းပြီးတော့မှ တော်တော်လေးကို အသစ်ဆောက်လုပ်ဖို့လိုအပ်မယ့်မျိုး အနေအထားတွေ့ရပါတယ်။ ကျောင်းဆောင် သစ်ဆောက်လုပ်ခွင့်ပြုပေးပါရန် တင်ပြတောင်းခံခဲ့ရာ ရ.ယ.လ.ဖ အဖွဲ့အစည်းလျှာထားသောမြေ ဖြစ်သဖြင့် ဌာနပိုင်မြေအဖြစ် မြေယာပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိမှသာ ဘဏ္ဍာငွေလျာထားပေးမည် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားပေးခဲ့ပါသည်။ ယခုကျေးရွာတာဝန် ရှိသူများနှင့် ပညာရေးဌာနမှ တင်ပြတောင်းဆိုမှုကြောင့် ရ.ယ.လ.ဖ အဖွဲ့အစည်းမှ ရပ်ရွာပညာရေး အတွက် စွန့်လွှတ်လှူဒါန်းကြောင်း သဘောတူညီမှုရရှိပြီး ဖြစ်ပါတယ်။ ဌာနမှလည်း လုပ်ထုံးလုပ်နည်း များနှင့်တကွ စီစဉ်ဆောင်ရွက်နေပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ ဝေးလံခေါင်သီဒေသဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ဟိုလွိုင် ကျေးရွာအုပ်စု၊ ကုန်းမတ်လန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ကုန်းမတ်လန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အမှန်တကယ်လိုအပ်နေသည့် စာသင်ကျောင်းဆောင်တစ်ဆောင် ခွင့်ပြု ချမှတ်ပေးနိုင်မယ့်အစီအစဉ်များကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ် မြို့နယ်၊ ဟိုလွိုင်ကျေးရွာအုပ်စု၊ ကုန်းမတ်လန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား ၂၀၁၈-

၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အမှန်တကယ်လိုအပ်လျက်ရှိသည့် စာသင်ကျောင်းဆောင်သစ်တစ်ဆောင် ခွင့်ပြုချမှတ်ပေးနိုင်မယ့်အစီအစဉ်များကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော မောက်မယ်မြို့နယ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များဆောက်လုပ်ရန် အခြေခံပညာကျောင်းပေါင်း သုံးကျောင်းအတွက် ငွေကျပ်သိန်း ၈၁၀ ခွဲဝေဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ တင်ပြပါ မောက်မယ်မြို့နယ်၊ ကုန်းမတ်လန်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်းက ယခုအခါ ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့သလို နိုင်ငံတော်ပိုင်မြေယာအဖြစ် သတ်မှတ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီကျောင်းမှာ လက်ရှိအားဖြင့် ၅၀ ပေ x ၃၀ ပေ သွပ်မိုးပျဉ်ကာမြေစိုက်တစ်ထပ်ဆောင်တစ်ခုသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေး ခရိုင်၊ မောက်မယ်မြို့နယ်၊ ဟိုလွိုင် ကျေးရွာအုပ်စု၊ ကုန်းမတ်လန်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်းတွင် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပေ ၆၀ x ပေ ၃၀ တစ်ထပ်ဆောင်သစ်ဆောက်လုပ်ရန် ဘဏ္ဍာငွေလျာထား ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသောမြို့များရှိ ကျောင်းသားကျောင်းသူ များ တက်ရောက်ရန်အတွက် စက်မှုနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်း လိုတာကတော့ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ခြမ်းမှာရှိတဲ့ အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စတဲ့ မြို့ငါးမြို့မှာ အခြေခံပညာအလယ်တန်းအောင်ကျောင်းသား ကျောင်းသူများတက်ရောက်ရန် အစိုးရနည်းပညာအထက်တန်းကျောင်းတစ်ကျောင်း အဲဒီငါးမြို့ထဲက သင့်လျော်တဲ့မြို့တစ်မြို့မှာ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီမေးခွန်း မေးမြန်းရခြင်းအကြောင်းကို ကြောင်းကျိုးဖော်ပြပါမယ်။ မကွေးတိုင်းဒေသကြီးရဲ့အရှေ့ဘက်ခြမ်း အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စတဲ့မြို့နယ်တွေမှာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် အခြေခံပညာအလယ်တန်းကျောင်းပေါင်းများစွာရှိပါတယ်။ မကြာမီ ဖြေဆိုတော့မယ့် အခြေခံပညာ အဋ္ဌမတန်းစာမေးပွဲမှာ အောင်လံမြို့နယ်မှာဆိုရင် ၂၈၉၉ ဦး၊ ဆင်ပေါင်ဝဲမြို့နယ်မှာ ၁၅၂၆ ဦး၊ တောင်တွင်းကြီးမြို့နယ်မှာ ၄၀၆၁ ဦး၊ မြို့သစ်မြို့နယ်မှာ ၂၅၅၁ ဦး၊

နတ်မောက်မြို့နယ်မှာ ၃၈၉၈ ဦး စုစုပေါင်း အခြေခံပညာအလယ်တန်းဖြေဆိုမယ့်ကျောင်းသား ကျောင်းသူပေါင်း ၁၃၉၃၅ ဦးရှိပါတယ်။ ဒီကိန်းဂဏန်းကိုကြည့်ခြင်းအားဖြင့် ဒီနယ်မြေမှာ အခြေခံပညာအလယ်တန်းကျောင်းသားများ ဘယ်လောက်များပြားနေပြီဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ဒီကျောင်းသားတွေ အခြေခံပညာအထက်တန်းအဆင့် နဝမတန်းကို အားလုံးကူးပြောင်းရောက်ရှိလိမ့်မယ်လို့ ယူဆလို့မရပါဘူး။ ကျောင်းထွက်နှုန်း(Drop Out)များပြားလွန်းလှပါတယ်။ ကျောင်းထွက်နှုန်းများပြားခြင်းအကြောင်းရင်းများစွာ ရှိပါတယ်။ စီးပွားရေးကျပ်တည်းမှုကြောင့် ကျောင်းထွက်ကြရသလို အသက်မွေးဝမ်းကျောင်းပညာရပ်ကို မဆည်းပူးနိုင်တဲ့အတွက်ကြောင့်လည်း ကျောင်းထွက်ကြတာဖြစ်ပါတယ်။ အထက်တန်းကျောင်းတွေ၊ တက္ကသိုလ်တွေဘက်ကို မျက်နှာမူရမယ့်အစား မလေးရှားတို့၊ ထိုင်းတို့၊ တရုတ်တို့ဘက်ကို မျက်နှာမူသွားနေကြပါပြီ။ ရွာတွေမှာ နွားကျောင်းသားရှားပြီးတော့ မိန်းကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေတောင် နွားကျောင်းနေရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်လံမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ်စသည့်မြို့နယ်များဟာ ထိစပ်နေပြီးတော့ ပြည်-မိတ္ထီလာကားလမ်းမကြီးပေါ်မှာရှိပါတယ်။ တောင်-မြောက် မိုင် ၉၀ အတွင်းမှာ မြို့နယ်ငါးမြို့နယ် ဆက်စပ်နေတာဖြစ်ပါတယ်။ လူဦးရေသိပ်သည်းသလို ကျောင်းသားဦးရေလည်း အလွန်များပြားလှပါတယ်။ ငွေကြေးတတ်နိုင်တဲ့ကျောင်းသားမိဘများကတော့ ကိုယ့်သား၊ ကိုယ့်သမီးကို တက္ကသိုလ်တက်ခိုင်းကြသလို မတတ်နိုင်တဲ့ကျောင်းသားမိဘများကတော့ ကိုယ့်သား၊ ကိုယ့်သမီးကို အသက်မွေးဝမ်းကျောင်းပညာလေးတစ်ခုတော့ တတ်စေချင်ကြပါတယ်။ တက္ကသိုလ်၊ ဒီကရီကောလိပ်များကို တက်ရောက်နိုင်ဖို့ကလည်း တက္ကသိုလ်ဝင်တန်းအောင်ပြီး အမှတ်ကောင်းကောင်းရဖို့လိုပါတယ်။ အခုကျွန်တော်တင်ပြနေတဲ့ နည်းပညာအထက်တန်းကျောင်းဆိုတာဟာ ကျောင်းသားတိုင်းအလှမ်းမီတဲ့၊ တက်နိုင်တဲ့ကျောင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးမှာ တက္ကသိုလ်များ၊ ဒီကရီကောလိပ်များ၊ သိပ္ပံကျောင်းများရှိပါတယ်။ မကွေးမြို့ဆိုရင် ကျောင်းသားမြို့၊ ပညာရေးမြို့တော်ကြီး ဖြစ်ပါတယ်။ ဆေးတက္ကသိုလ်၊ ကျန်းမာရေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ရိုးရိုးဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ သားဖွား/သူနာပြုသင်တန်းကျောင်း၊ ပညာရေးကောလိပ်စသည်အားဖြင့် ရှိပါတယ်။ ရေနံချောင်းမြို့မှာဆိုလို့ရှိရင် စက်မှုသိပ္ပံနှင့် စက်မှုအထက်တန်းကျောင်း၊ ချောက်မြို့မှာဆိုရင် စက်မှုသိပ္ပံကျောင်းစသည်ဖြင့် ရှိပါတယ်။ ဒါပေမဲ့ အခုနက ကျွန်တော်တင်ပြခဲ့တဲ့ အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စတဲ့ လူဦးရေသိပ်သည်းပြီး ကျောင်းသားများပြားလှတဲ့မြို့ကြီးတွေမှာကျတော့ အစိုးရအထက်တန်းကျောင်းကလွဲလို့ ဘာကျောင်းမှ မရှိခဲ့တာဟာ ခေတ်အဆက်ဆက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီမြို့ငါးမြို့မှာရှိတဲ့ ကျောင်းသားများဟာလည်း ကျောင်းထွက်နှုန်းမြင့်မားနေပါတယ်။ အလယ်တန်းကနေ အထက်တန်းကို ကူးပြောင်းတဲ့နေရာမှာ နည်းပညာအထက်တန်းကျောင်းများရှိမယ်ဆိုရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ အသက်မွေးမှုပညာလည်းရတဲ့အတွက်ကြောင့် ကျောင်းသားမိဘတွေရော၊ ကျောင်းသားတွေရောပါ စိတ်ဝင်စားကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်တွေမှာ စက်ချုပ်သင်တန်း၊ တစ်လုံးထိုးအင်ဂျင်ပြင်နည်းသင်တန်း၊ မော်တော်ဆိုင်ကယ်ပြင်နည်းသင်တန်းစသည်အားဖြင့် ဖွင့်လှစ်ပေးခဲ့အခါမှာ ကျေးလက်လူငယ်တွေ စိတ်ဝင်စားစွာတက်ရောက်သင်ယူနေကြတာကို တွေ့မြင်နေရပါပြီ။ ဒီကနေ့ မော်တော်ဆိုင်ကယ်ပြင်တဲ့သူတစ်ဦးရဲ့တစ်လဝင်ငွေဟာ သာမန်အစိုးရဝန်ထမ်းတစ်ဦးရဲ့ဝင်ငွေထက် ပိုမိုနေတာကို တွေ့ရပါတယ်။ ဒီအကြောင်းများကြောင့် အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စတဲ့ တက္ကသိုလ်မရှိတဲ့၊ တစ်နည်းအားဖြင့် ပညာရေးမိုးခေါင်ရေရှားရပ်ဝန်းဒေသမှာ တက္ကသိုလ်ကြီးတွေမဖွင့်နိုင်တောင်မှ အသက်မွေးမှုနည်းပညာအထက်တန်းကျောင်းလေးတစ်ခုတော့ ဖွင့်လှစ်ပေးဖို့ မိဘများက မျှော်လင့်လျက်ရှိပါတယ်။ ဒါကြောင့် ဖော်ပြပါမြို့ငါးမြို့ထဲက မြို့ငါးမြို့ဟာ ရထားလမ်း၊ ကားလမ်းစသည်အားဖြင့်လည်းပဲ လမ်းပန်းဆက်သွယ်ရေးအလွန်ကောင်းမွန်နေပြီဖြစ်တဲ့မြို့များ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမြို့ငါးမြို့ထဲက သင့်လျော်တဲ့မြို့တစ်မြို့မှာ ကျောင်းသားများ၊ ကျောင်းသားမိဘများ မျှော်လင့်တောင့်တနေတဲ့ နည်းပညာအထက်တန်းကျောင်းတစ်ခုလောက်တော့ အစိုးရသစ်လက်ထက်မှာ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းသိန်းရဲ့မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၏အရှေ့ဘက်ခြမ်းမြို့များဖြစ်ကြတဲ့ အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက် အစရှိသောမြို့များရှိ ကျောင်းသားကျောင်းသူများတက်ရောက်ရန် စက်မှုနည်းပညာအထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အစိုးရစက်မှုလက်မှုသိပ္ပံ ငါးကျောင်း(ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး)တို့တွင် A.G.T.I ဒီပလိုမာသုံးနှစ်သင်တန်းများနှင့်အတူ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကာလတိုအသက်မွေးပညာသင်တန်းများကိုလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး၊ ပခုက္ကူ)တို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း နှစ်နှစ်သင်တန်းများနှင့်အလားတူဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကာလတိုသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီးအတွင်းမှာ စုစုပေါင်း သက်မွေးပညာသင်ကြားပေးနိုင်တဲ့ သင်တန်းကျောင်း ခုနစ်ကျောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခုအခါမှာ အစိုးရနည်းပညာအထက်တန်းကျောင်း နှစ်ကျောင်းဖြစ်တဲ့ မကွေးနှင့်

ပခုက္ကူတို့မှာ ကျောင်းသားကျောင်းသူအိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်ရန် ဘတ်ဂျက်လျာထား စီစဉ်ဆောင်ရွက်လျက်ရှိတဲ့အတွက် မကွေးတိုင်းဒေသကြီးအရှေ့ဘက်ခြမ်းမြို့များဖြစ်သော အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်စသောမြို့များမှ ကျောင်းသားကျောင်းသူများ အနေဖြင့် အဆောင်နေကျောင်းသူကျောင်းသားများအဖြစ် ပညာသင်ကြားရန် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တင်ပြပါ ကျောင်းသားအိပ်ဆောင်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေချိန်ဖြစ်တဲ့အတွက် အစိုးရနည်းပညာကျောင်းအသစ်တစ်ကျောင်းထပ်မံဖွင့်လှစ်ပေးရန် လတ်တလောအားဖြင့် ဦးစားပေးဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ပြဿနာ လျော့နည်းပြီး လုပ်ငန်းခွင်အသုံးဝင်မည့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ကျွန်မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ပြဿနာ လျော့နည်းပြီး လုပ်ငန်းခွင်အသုံးဝင်မည့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်းရှိ/မရှိနှင့် ပတ်သက်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ မြန်မာနိုင်ငံတွင် စီးပွားရေးနိမ့်ကျမှုများမှာ ရှိနေပေသည်။ စီးပွားရေးဦးမော့လာစေရန်အတွက် အလုပ်လုပ်နိုင်သောအရွယ်တွင် အလုပ်လုပ်ကြရန်လိုအပ်ပေသည်။ အလုပ်လုပ်ရန်မှာလည်း အလုပ်အကိုင်အခွင့်အလမ်းရှိဖို့လိုပေသည်။ မြန်မာနိုင်ငံ လူဦးရေ ၅၁ သန်းခန့်ရှိရာမှာ ၂၆ သန်းမှာ အလုပ်မလုပ်နိုင်တဲ့အရွယ်ဖြစ်ပါတယ်။ ကျောင်းနေတဲ့အရွယ်နဲ့ ၆၅ နှစ်ကျော်အရွယ်များသာဖြစ်ပါတယ်။ ၂၅ ဆဝန်းကျင်သာလျှင် အလုပ်လုပ်နိုင်တဲ့အရွယ်ဖြစ်ပါတယ်။ ဒီအရွယ်မှာလည်း ကျန်းမာသန်စွမ်းပြီးတော့ တကယ်အလုပ်လည်းရှိမှ အလုပ်လည်းလုပ်နိုင်တဲ့လူမှ ၂၅ ဆအပြည့်လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အလုပ်လုပ်သော်လည်း စားဝတ်နေရေးမလုံလောက်ပါက အလုပ်လုပ်ရန် စိတ်ဝင်စားမှုအားနည်းပြီး အလုပ်ခွင်တွင် အတည်တကျလုပ်လိုစိတ်မရှိဘဲ အလုပ် ဟိုအလုပ်ကောင်းနိုးနိုး၊ ဒီအလုပ်ကောင်းနိုးနိုး ဖြစ်နေကြပါသည်။ ဘွဲ့ရလူငယ်တချို့မှာလည်း အလုပ်ရှာရင်း အချိန်ကုန်ခဲ့ကြရပါသည်။ အလုပ်ရှင်များဘက်ကလည်း လုပ်ငန်းခွင်ကျွမ်းကျင်မှုမရှိ၍ လုပ်ခလစာကောင်းကောင်းမပေးနိုင်ပါ။ လုပ်ငန်းခွင်နှင့် တကယ်အံ့ဝင်ခွင်ကျသော အသက်မွေးဝမ်းကျောင်းပညာရပ် ကျွမ်းကျင်တတ်မြောက်ရန်လိုပေသည်။ စားဝတ်နေရေးဖူလုံသည့် သင့်တင့်သောလစာရမည်အထင်ဖြင့် ပြည်ပနိုင်ငံသို့ ထွက်၍အလုပ်လုပ်ရန် ကြိုးစားကြပါသည်။ ပြည်ပနိုင်ငံများတွင် ၎င်းတို့နိုင်ငံလူမျိုးနှင့်ယှဉ်သော် မြန်မာလုပ်သားများကို ပေးရမည့်လုပ်အားခမှာ သက်သာ၍ JICA အထွေထွေလုပ်သားများအဖြစ်သာ အလုပ်ပေးအသုံးပြု

ကြပါသည်။ အနည်းအကျဉ်းသာ လုပ်ငန်းခွင်ကျွမ်းကျင်ဝန်ထမ်းအဖြစ် တွေ့ရပါသည်။ ထို့သို့ ပြည်ပရောက်မြန်မာအလုပ်သမားများမှာ တရားဝင်ဖြစ်သလို တရားမဝင်သူများရှိ၍ အနိမ့်ခံရပြီး အခြားနိုင်ငံတွင် ဒုက္ခရောက်နေသူများ အမြောက်အမြားပင်။ သူတစ်ပါးနိုင်ငံသားများ၏ လက်ခုပ် ရေထဲက ရေပင်ဖြစ်တော့သည်။ များသောအားဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏ လစာနှုန်းထားမရရင် တောင်မှ မြန်မာနိုင်ငံတွင်၊ မိမိတို့နိုင်ငံတွင် စားဝတ်နေရေးပြေလည်ပါက မိမိတို့နိုင်ငံတွင်ပင် လုပ်လို ကြပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ စျေးကွက်စီးပွားရေးအရ ပြည်ပနိုင်ငံများမှ လာရောက် ရင်းနှီးမှုတချို့ရှိသလို နောင်တွင်လည်း အလားအလာကောင်းများရှိနေပါသည်။ ထို့သို့ ပြည်ပနိုင်ငံ များမှ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ကျွမ်းကျင်မှုပညာရှိထားမှသာ လစာကောင်းကောင်း၊ အဆင့်ရှိရှိ အလုပ်နေရာခန့်အပ်မည်ဖြစ်ပါသည်။ ယခင် မြန်မာနိုင်ငံ ပညာရေးစနစ်အရ တက္ကသိုလ် ပညာရေးသာမက အသက်မွေးကျောင်းပညာရပ်ကိုလည်း သင်ကြားတတ်မြောက်မှသာ မိမိကိုယ်တိုင် အားကိုးနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှာဖြစ်ပါတယ်။ စီးပွားရေးအရ အောင်မြင်မှုရနေတဲ့နိုင်ငံတွေမှာလည်း ဘွဲ့ရပြီး အလုပ်မရနိုင်တဲ့ပြဿနာတွေရှိပါတယ်။ မိမိတို့ နိုင်ငံမှာ အသက်မွေးဝမ်းကျောင်းပညာကို အများကြီးအားပေးဖို့လိုတယ်လို့ ၇-၈-၂၀၁၇ ရက်နေ့ မန္တလေးတိုင်းဒေသကြီး၊ မြေတိုင်းခံကျေးရွာ လူထုနှင့် ငြိမ်းချမ်းရေးစကားဝိုင်းမှာ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ပါတယ်။ မိဘများအနေနဲ့ မိမိတို့သားသမီးကို အသက်မွေး ဝမ်းကျောင်းအတတ်ပညာ ဥပမာ-စက်ချုပ်၊ ပန်းရံ၊ ဝရိန်၊ ရက်ကန်း၊ မော်တော်ကား၊ စက်ပြင်၊ အဲယားကွန်းပြင် စသည်တို့ကို သင်ကြားစေရန် တိုက်တွန်းလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က လုပ်ငန်းခွင်အသုံးဝင်မည့် အတတ်ပညာကို အားပေးလျက်ရှိတယ်ဆိုတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ပြင်ဦးလွင်အနေနဲ့ပြောမယ်ဆိုရင် Automatic Technological Research Institute ဆိုတာရှိပါ တယ်။ ၂၀၁၇ ခုနှစ်အတွင်းကပဲ Vocational Education Training တွေ ကျွန်တော်တို့ပေးတာ ၂၀၀ ယောက်လောက်ရှိပါတယ်။ အဲဒီ ၂၀၀ မှာ ဘာတွေလဲဆိုရင် အဲယားကွန်းပြင်သင်တန်းတွေ၊ Electronic, AutoCAD, ကွန်ပျူတာ, Automotive Training တွေကို ပေးပါတယ်။ ပေးပြီးလို့ရှိရင် သင်တန်းဖွင့်ပွဲမှာရော၊ သင်တန်းဆင်းပွဲမှာရော မန္တလေးစက်မှုဇုန်၊ လုပ်ငန်းရှင်တာဝန်ရှိသူများကို ဖိတ်ကြားပြီးတော့ ကျွန်တော် ချိတ်ဆက်လိုက်ပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့ VOC လုပ်ငန်းဟာ တော်တော်လေးကို အသုံးဝင်ပါတယ်။ နည်းပညာတက္ကသိုလ်က ကျောင်းသူကျောင်းသား များကလည်း လာရောက်ပြီးတော့ သင်တန်းပေးကြပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ ပြဿနာလျော့နည်း၍ အလုပ်ခွင်အသုံးဝင်မည့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားခြင်းရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာအောင်ခင်ရဲ့မေးခွန်းဖြစ်သော မြန်မာနိုင်ငံ၌ အလုပ်လက်မဲ့ပြဿနာလျော့နည်းပြီး လုပ်ငန်းခွင်အသုံးဝင်မည့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါ့မယ်။ ရှေးဦးစွာ ဒီမေးခွန်းမေးမြန်းတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ခင်ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပထမပြောကြားလိုပါတယ်။ ဒီသက်မွေးပညာရေးသည် အစိုးရသစ်လက်ထက်မှာ အထူးဦးစားပေးပြီးမှ ဖော်ဆောင်နေတဲ့လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေမှာဆိုရင် မြန်မာနိုင်ငံရဲ့အဓိကပညာရေးစနစ်ကြီးက သုံးခုပဲရှိပါတယ်။ (၁)က အခြေခံပညာရေး၊ (၂)က အဆင့်မြင့်ပညာရေးနှင့် (၃)က နည်းပညာနှင့်သက်မွေးပညာရေးများဖြစ်ပါတယ်။ အဲဒီတော့ နည်းပညာနှင့် သက်မွေးပညာရေးသည် အဆင့်မြင့်ပညာရေး၊ အခြေခံပညာရေးတို့နှင့် တန်းတူပေါ်ထွန်းလာတာ ဒါဥပဒေအရ ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း စီးပွားရေးမူဝါဒတွေမှာ ဒီသက်မွေးပညာရေးသည် စီးပွားရေးရည်မှန်းချက် (၁၂)ချက်မှာ နံပါတ်(၄)အနေနဲ့ နည်းပညာနှင့် သက်မွေးပညာရေးသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုအတွက် အဓိကမဏ္ဍိုင်ဖြစ်ကြောင်း ဒါ အတိအလင်းပြောကြားပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းဖြစ်သော အမျိုးသားပညာရေးစီမံကိန်းမှာ ကျွန်တော်တို့ ဒီမတိုင်ခင်မှာ နိုင်ငံတကာပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပြည်တွင်း၊ ပြည်ပအမျိုးသားအကြံပေးပညာရှင်များနှင့် ပညာရေးကဏ္ဍလေ့လာ သုံးသပ်မှုလုပ်ငန်းကို သုံးနှစ်ကြာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီတွေ့ရှိချက်ရလဒ်များကိုအခြေပြုပြီးမှ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို အမျိုးသားပညာရေးဥပဒေများနှင့်အညီ ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းမှာ ပညာရေးကဏ္ဍတစ်ခုလုံးနဲ့အကျုံးဝင်သောစီမံကိန်းကြီးဖြစ်ပြီး ဒီထဲမှာ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအတွက်လည်း မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါတယ်။

အဓိကမဟာဗျူဟာအနေနဲ့ သုံးရပ်ရှိပါတယ်။ (၁)အနေနဲ့ မြန်မာနိုင်ငံအတွင်း နည်းပညာနှင့်သက်မွေးပညာရေးသို့ တက်ရောက်လိုသူများအားလုံး တိုင်းရင်းသားမျိုးနွယ်စုများ၊ မသန်စွမ်းသူများ၊ အခွင့်အလမ်းနည်းပါးသူများ အားလုံးပါဝင်သင်ယူနိုင်တဲ့အခွင့်အလမ်း ချဲ့ထွင်ဆောင်ရွက်ဖို့ မဟာဗျူဟာ(၁)ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ မဟာဗျူဟာ(၂)အနေနဲ့ နည်းပညာနှင့် သက်မွေးပညာရေးအရည်အသွေးပိုမိုကောင်းမွန်စေရန် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစေရန် တိုးမြှင့်ဆောင်ရွက်ရေး။ ဒါလည်း မဟာဗျူဟာ(၂)အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဗျူဟာ(၃) အနေနဲ့ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေးဆိုတဲ့ မဟာဗျူဟာလည်း ဒါ ချမှတ်ထားပါတယ်။ ဒီမဟာဗျူဟာကြီးသုံးရပ်အောက်ကမှာ Component တွေအသီးသီးရှိပါတယ်။

လုပ်ငန်းကဏ္ဍအလိုက် အသီးသီးရှိပါတယ်။ လုပ်ငန်းကဏ္ဍအလိုက် အသီးသီးအောက်မှာလည်း ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်အသေးစိတ် Action Plan များလည်း အသေးစိတ်ရေးဆွဲဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ နည်းပညာနှင့် သက်မွေးပညာ

ကဏ္ဍသည် အမျိုးသားပညာရေးဥပဒေအရတင်မကပါဘူး။ အခု နိုင်ငံတော်က သမ္မတကြီး ကိုယ်တိုင်ဦးစီးနေတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများအနေနဲ့လည်း ဒါ နံပါတ်(၅)မှာ နည်းပညာနှင့် သက်မွေးပညာကဏ္ဍကနေ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးအတွက် ကော်မတီအရပ်ရပ်ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ နောက် တတိယလုပ်ငန်း အနေနဲ့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ခေါင်းဆောင်တဲ့ SME (Small and Metal Enterprise) အသေးစားနှင့် အလတ်စားများ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်မှာလည်း မဏ္ဍိုင် တစ်ခုအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အတွက် နည်းပညာနှင့်သက်မွေးပညာဖွံ့ဖြိုးရေးသည် အမျိုးသားမဟာဗျူဟာစီမံကိန်းမှာ ထည့်သွင်းရေးဆွဲပြီးဖြစ်တဲ့အပြင် စတင်အကောင်အထည်ဖော်ဆောင်ရွက်တဲ့လုပ်ငန်းများလည်း ဖြစ်ပါတယ်။ နောင်လည်း တိုးချဲ့ဆောင်ရွက်မယ့်လုပ်ငန်းများဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက မေးခွန်းရှင်ကိုတော့ ကျေးဇူးတင်ကြောင်းပြောသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်းခွင်အသုံးဝင်တဲ့ အသက်မွေးဝမ်းကျောင်း ပညာကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်းရှိ/မရှိ မေးခွန်းမေးလို့ ကျေးဇူးတင်ကြောင်း ပြောသွားပါတယ်။ သို့သော်လည်း ကျွန်တော် ဒီမှာ တစ်ဆက်တည်းပြောချင်တာ ကတော့ ကျွန်တော်တို့ကိုယ်စားလှယ်အနေနဲ့ မေးခွန်းမေးတဲ့အခါမှာ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေမှာပါရှိတဲ့ မေးခွန်းမှာပါတဲ့ စည်းကမ်းချက်တွေ၊ ကန့်သတ်ချက်တွေကိုလည်း လေ့လာစေ လိုပါတယ်။ ဒါဘာလဲဆိုတော့ လုပ်ငန်းခွင်အသုံးဝင်မယ့် အသက်မွေးဝမ်းကျောင်းပညာကို အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်းရှိ/မရှိဆိုတာ ၂၀၁၆-၂၀၂၁ အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်းဆိုတာ စာအုပ်ကြီးထုတ်ထားပါတယ်။ အားလုံးလည်း ဖြန့်ဝေထားပါ တယ်။ အဲဒီတုန်းက မဟာဗျူဟာစီမံကိန်းဖွင့်ပွဲအတွက် ကျွန်တော်တို့အပါအဝင် ကိုယ်စားလှယ်တွေ တချို့လည်းတက်ရောက်ရပါတယ်။ တက်ရောက်ရတယ်ဆိုတဲ့အခါကျတော့ ကျွန်တော်က ဘာကို အသိပေးချင်သလဲဆိုတော့ ဒါဟာ နောင်ကိုလည်း ကျွန်တော်တို့ တခြားတခြားသော ကိုယ်စားလှယ် တွေလည်း သတိထားဖို့ပါ။ နည်းဥပဒေ ၁၄၁(ဇ)မှာ လွယ်ကူစွာရရှိနိုင်သော မှတ်တမ်းများ သို့မဟုတ် စာအုပ်များ အဲဒီမှာပါရှိတဲ့အကြောင်းကို သိရှိရန်မဟုတ်တဲ့မေးခွန်းဖြစ်က အဲဒီလိုစာအုပ်တွေမှာ လွယ်လင့်တကူရှာလို့၊ ဖွေလို့၊ မှတ်လို့၊ သားလို့ရတယ်ဆိုရင် လွှတ်တော်မှာမမေးသင့်ဘူးဆိုပြီးတော့ ဒါက ကျွန်တော်တို့ မေးခွန်းနဲ့ပတ်သက်တဲ့ ကန့်သတ်ချက်၊ စည်းကမ်းချက်မှာ အတိအလင်းပါပါတယ်။ ဒါလေးတွေကို ကျွန်တော်တို့ ဂရုစိုက်စေချင်တယ်။ ကျွန်တော်ပြောပါမယ်။ ပီပီပြင်ပြင်ပဲ။ နည်းဥပဒေ ၁၄၁(ဇ) ဖတ်ပြပါ့မယ်။ လွယ်ကူစွာရရှိနိုင်သော မှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင်ပါရှိသော အကြောင်းများကို သိရှိရန်မဟုတ်သည့်မေးခွန်းဖြစ်က အဲဒါမျိုးတွေကို ရှာလို့၊ ဖွေလို့မရနိုင်ဘူး။ စာအုပ်တွေ၊ မှတ်တမ်းတွေမှာမရှိဘူး။ တိုင်းပြည်အတွက်လိုအပ်တယ်။ အဲဒီလို မေးခွန်းမျိုးဖြစ်တဲ့ စာအုပ်တွေမှာရှိတယ်။ မှတ်တမ်းတွေမှာရှိတယ်ဆိုတာကို ကိုယ်စားလှယ်တွေက ကိုယ့်ရဲ့သိလိုမှုနဲ့ ကိုယ့်ရဲ့စူးစမ်းလိုမှုနဲ့ ကိုယ်ရဲ့ဗဟုသုတအလို့ငှာ အဲဒီလိုမေးခွန်းတွေပဲမေးနေလို့ရှိရင် လွှတ်တော်ရဲ့ အချိန်အခါနဲ့ အခြေအနေနဲ့ မသင့်လျော်တဲ့အတွက် နဂိုကတည်းကိုက ဒီလွှတ်တော်ဆိုင်ရာ ဥပဒေ၊

နည်းဥပဒေမှာ ပြဋ္ဌာန်းထားတာရှိပါတယ်။ နောက်ကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေ မေးခွန်းမေးတဲ့ အခါမှာ အဲဒါလေးကိုလည်း ဂရုပြုစေချင်ပါတယ်။

**လွိုင်လင်မြို့နယ် အ.လ.က(ခွဲ)မြို့မ မိုင်းပွန်အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရင်းနှင့် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင် မြို့နယ်၊ မိုင်းပွန်ဒေသမှာနေထိုင်ကြတဲ့ မဲဆန္ဒရှင်မိဘပြည်သူများအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှာ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကျင်းပပြုလုပ်ပြီး မဲဆန္ဒရှင် မိဘပြည်သူများနှင့် တွေ့ဆုံခဲ့ပါတယ်။ မိုင်းပွန်ဒေသမှာရှိတဲ့ မိဘပြည်သူများမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြပေးပါရန် လွိုင်လင်မြို့နယ် အ.လ.က(ခွဲ)မြို့မ မိုင်းပွန်ဒေသမှာရှိတဲ့ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရန် ကျောင်းသားကျောင်းသူများရဲ့မိဘများမှ အဖက်ဖက်မှ လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းပြီးတော့ အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါ တယ်။ အ.လ.က(ခွဲ)မြို့မကျောင်းတွင် တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာဆရာမများရဲ့ သင်ကြားပြသ ကောင်းမွန်မှုများကြောင့်လည်းကောင်း၊ ကျောင်းစည်းကမ်းကောင်းမွန်မှုများကြောင့်လည်းကောင်း၊ ကျောင်းသားကျောင်းသူများ များပြားတက်ရောက်သင်ကြားလျက်ရှိပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများ ရဲ့ဆန္ဒနဲ့ အ.လ.က(ခွဲ)မြို့မ မိုင်းပွန်အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ပညာသင်ကြားခွင့်ပြုပါရန်လည်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပညာရေးဌာနသို့ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် အ.လ.က(ခွဲ)မြို့မ မိုင်းပွန်အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့်ပညာသင်ကြားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အဆင့်တိုးမြှင့်ပေးပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး

ဦးခင်မောင်သီရဲ့မေးခွန်းဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် အ.လ.က(ခွဲ)မြို့မ မိုင်းပွန်အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပညာသင်ကြားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အဆင့်တိုးမြှင့်ပေးပါမည်နည်းနှင့် အစီအစဉ်မရှိပါက အဘယ်ကြောင့်ကို သိလိုခြင်းဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)တစ်ကျောင်း စုစုပေါင်းအခြေခံပညာကျောင်းပေါင်းကိုးကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း ရှေးဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် သတ်မှတ်မှုအဖြစ် အလယ်ဆင့်တင်ကျောင်းသားကျောင်းသူ ၂၄၀ ဦးနှင့်အထက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ၂ မိုင်အထက်ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် သုံးမိုင်အထက် ကွာဝေးခြင်းတို့ဖြစ်ပါတယ်။ တင်ပြပါ လွိုင်လင်မြို့နယ် မြို့မ(မိုင်းပွန်) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ပင်မကျောင်းဖြစ်သော မိုင်းပွန်အခြေခံပညာအထက်တန်းကျောင်းနှင့် ၀.၅ မိုင် (မိုင်ဝက်)ခရီးသာ ကွာဝေးကြောင်း တွေ့ရှိရပါတယ်။

ဒီတင်ပြပါ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ မြို့မ(မိုင်းပွန်)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်လည်း အလယ်တန်းပညာရေးများ သင်ယူခွင့်ရရှိရန် အခွင့်အလမ်းများလည်းရရှိပြီးဖြစ်ပါသဖြင့် အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် ဦးစားပေးအစီအစဉ်ဖြင့် သတ်မှတ်ထားခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားလာစေရန်နှင့် ဒေသခံကျောင်းသူကျောင်းသား ကျောင်းခေါ်ချိန်အပြည့် သင်ကြားနိုင်ရန်အတွက် အရည်အချင်းရှိ ဆရာ၊ ဆရာမများ ဖွဲ့စည်းပုံပြည့် စာသင်နှစ်အမီ စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ခေါင်လန်ဖူးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေရန်နှင့် ဒေသခံကျောင်းသူကျောင်းသားများ ကျောင်းခေါ်ချိန်အပြည့် စာသင်ကြားနိုင်ရန်အတွက် အရည်အချင်းရှိ

ဆရာဆရာမများ ဖွဲ့စည်းပုံပြည့် စာသင်နှစ်အမီ စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးအဆင့်အတန်း မြင့်မားမှုသည် အဓိကအကြောင်းအရာတစ်ခုဖြစ်ပါတယ်။ ပညာရေးမြင့်မားမှုနှင့် ဆင်းရဲမှုလျှော့ချရေး သည် ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေး ပါ။ ဒီကလေးတွေကတော့ ဆရာဆရာမတွေ အချိန်ပြည့်မရှိတဲ့အတွက် စာသင်ချိန်ကို စာသင်ချိန် အပြည့်အဝမရရှိတဲ့ ကလေးတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေ ဖြင့် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ အသက်မွေးပညာရေးကဏ္ဍများကို မဟာဗျူဟာစီမံကိန်းချမှတ် ပြီးသွားနေကြောင်း၊ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review) ကိုလည်း ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပညာရေးကဏ္ဍ ငါးနှစ်စီမံကိန်း ၂၀၁၆ မှ ၂၀၂၀ ကိုပြုစုထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် အ.ထ.က နှစ်ကျောင်း၊ အ.လ.က လေးကျောင်းနှင့် မူလွန်တစ်ကျောင်း၊ အ.မ.က ၅၇ ကျောင်းရှိပြီး အဆိုပါကျောင်းပေါင်း ၆၈ ကျောင်းတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပညာရေးဝန်ထမ်းခွဲဝေအင်အားမှာ ၄၃၆ ဦးရှိရမည်ဖြစ်သော်လည်း လက်ရှိခန့်ထားမှုမှာ ၂၉၃ ဦးသာ ရှိတဲ့အတွက် လစ်လပ်မှာ ၁၄၃ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ ဆရာဆရာမများ အများပိုင်းသည် မြေပြန့်ဒေသမှာ သွားရောက်တာဝန်ထမ်းဆောင်နေရပါသဖြင့် စာသင်နှစ်အမီ မရောက်ရှိခြင်း၊ စာသင်ချိန်မပြည့်ခြင်း၊ အရည်အချင်းရှိ ဆရာဆရာမများ စေလွှတ်ပေးမှုမရှိခြင်းတို့ကြောင့် ခေါင်လန်ဖူးရဲ့ပညာရေးမှာ စိုးရိမ်စရာအနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးထွက်ဖို့မဆိုထားနှင့် အောင်မြင်သူမရှိသည်မှာ ၂၀၀၉ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ် အထိ ခုနစ်နှစ်ရှိပြီဖြစ်ပါတယ်။ အခြားမည်သည့်မြို့နယ်တွင်မှ ပညာရေးကဏ္ဍတွင် ဤမျှလောက် နိမ့်ကျနေသည့်မြို့နယ် ရှိမည်မဟုတ်ပါ။ ဤသို့ဖြစ်ရခြင်းမှာ ခေါင်လန်ဖူးမြို့နယ်သို့စေလွှတ်ပေးသည့် အလယ်တန်းနှင့် အထက်တန်းပြဆရာဆရာမများသည် တစ်ဆင့်မြင့်ရာထူးတိုးပေးပြီး စေလွှတ် ပေးခြင်းသာဖြစ်ပါတယ်။ အမှန်မှာ ရာထူးတစ်ဆင့်မြင့်တိုင်း အရည်အချင်းတစ်ဆင့် တက်သွားတာမျိုး မဟုတ်ပါဘူး။ ဤနေရာတွင် တစ်ခုတင်ပြချင်သည်မှာ ခေါင်လန်ဖူးမြို့နယ်သို့ တာဝန်ချစေလွှတ်ပေး သည့် ဆရာဆရာမများကို အဝေးသင်တက်ရမည့်ဆရာဆရာမများ မစေလွှတ်ပေးရန်လည်း တင်ပြ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အဝေးသင်တက်ရမည့် ဘွဲ့မရရှိသေးသည့်ဆရာဆရာမများသည် မိမိတာဝန်ကျသည့်ကျောင်းသို့ရောက်ရှိပြီး တစ်လနှစ်လအတွင်း အဝေးသင်ဖြေရန် ဆင်းသွားရပါ တယ်။ ထိုအခါ အဆင်းနှင့်အတက်ကြားထဲမှာ သုံးလလောက်ကြာမြင့်သည့်အတွက် ဒီ ဒေသခံ ကျောင်းသူကျောင်းသားများ များစွာနစ်နာနေပါတယ်။ ဆရာဆရာမများ အပြောင်းအရွှေ့ကိစ္စကိုလည်း စာသင်နှစ်အတွင်း အပြောင်းအရွှေ့မလုပ်ပေးရန် တင်ပြလိုပါတယ်။ ပြောင်းရွှေ့သွားတဲ့ဆရာဆရာမ များနှင့် အသစ်ရောက်ရှိလာတဲ့ ဆရာဆရာမများကြားမှာ များစွာအချိန်ကြာမြင့်ကြောင်း တွေ့ရှိရပါ တယ်။ တစ်နည်းအားဖြင့် ယခင်ဆရာဆရာမများမှ သင်ခန်းစာကိုသင်ခဲ့တာက တစ်မျိုးဖြစ်၍ နောက် အသစ်ရောက်ရှိလာတဲ့ ဆရာဆရာမများက သင်ခန်းစာကိုသင်နေတာ တစ်မျိုးဖြစ်နေတဲ့အချိန်မှာ ဒီဒေသခံကလေးတွေက သင်ခန်းစာတစ်ခုကို ပုံစံနှစ်မျိုးနဲ့သင်ကြားနေရတဲ့အတွက် များစွာအခက်အခဲ ရှိကြောင်း တွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံး သင်ရိုးညွှန်းတမ်းများ တစ်ခုတည်းဖြစ်သော်လည်း

အရည်အချင်းရှိ ဆရာဆရာမများ သင်ကြားသင်ယူမှုအားနည်းခြင်းတို့ကြောင့် အခြားမြို့ကြီးများနှင့် များစွာကွာခြားနေကြောင်း တွေ့ရှိရပါတယ်။ ယခုအတိုင်းသာဆက်သွားမည်ဆိုပါက ခေါင်လန်ဖူး မြို့နယ်အတွင်းရှိ ဒေသခံကလေးများအတွက် ပညာရေးတွင် အင်မတန်ရင်လေးစရာရှိပါတယ်။ သို့ဖြစ်ပါ၍ ခေါင်လန်ဖူးမြို့နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားလာစေရန်အတွက် အရည်အချင်းရှိဆရာဆရာမများ ဖွံ့စည်းပုံပြည့် စာသင်နှစ်အမီ စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဖြစ်သော ဦးအာမိုးဆီ၏ ခေါင်လန်ဖူးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေ ရန်နှင့် ဒေသခံကျောင်းသားကျောင်းသူများ ကျောင်းခေါ်ချိန်အပြည့် သင်ကြားနိုင်ရန်အတွက် အရည်အချင်းရှိ ဆရာဆရာမများအား ဖွံ့စည်းပုံအပြည့် စာသင်နှစ်အမီ စေလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ် ဖြစ်သော ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်းပေါင်း နှစ်ကျောင်း ရှိပါတယ်။ ပထမကျောင်း ခေါင်လန်ဖူးအခြေခံပညာအထက်တန်းကျောင်းမှာ နဝမတန်းဘာသာတွဲ(၂) သင်ယူသူ ကျောင်းသားကျောင်းသူ ၂၉ ဦး၊ ဒသမတန်း ဘာသာတွဲ(၂)သင်ယူ ကျောင်းသားကျောင်းသူ ၁၇ ဦး စုစုပေါင်း ၄၆ ဦးသင်ကြားလျက်ရှိပါတယ်။ ဒီ ၄၆ ဦးကို အထက်တန်းပြ ဆရာဆရာမ သုံးဦးနဲ့ သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဒုတိယကျောင်းဖြစ်တဲ့ ဇန်ယော့အခြေခံ ပညာအထက်တန်းကျောင်းမှာ နဝမတန်း ဘာသာတွဲ(၂)သင်ယူသူ ကျောင်းသားကျောင်းသူ ၂၇ ဦး၊ ဒသမတန်း ဘာသာတွဲ(၂)သင်ယူတဲ့ကျောင်းသားကျောင်းသူ ၁၈ ဦး နှစ်တန်းပေါင်းကျောင်းသား ကျောင်းသူ ၄၅ ဦးရှိပြီး ဒီအတွက်လည်း အထက်တန်းပြဆရာဆရာမ သုံးဦးတာဝန်ပေး သင်ကြားလျက် ရှိပါတယ်။ ဒ့ါအပြင် ခေါင်လန်ဖူးမြို့နယ် ပညာရေးမှူးရဲ့ စီမံကြီးကြပ်မှုနဲ့ အဆိုပါနှစ်ကျောင်းလုံးမှာ တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးအတွက် အထက်တန်းအဆင့် ကျောင်းသူကျောင်းသားများအား အချိန်ပို သင်ကြားပေးခြင်း၊ ညစာသင်ဝိုင်း၊ စာကျက်ဝိုင်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကျောင်းအုပ်ကြီး များနှင့် ထက်/လယ်/မူ ဆရာဆရာမများပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖွံ့စည်းပုံ အပြည့်ခန့်ထားနိုင်ရန်အတွက် ကျွန်တော် ယခင်ရက်များမှ တင်ပြသကဲ့သို့ ပညာရေးဝန်ကြီးဌာနမှာ ဆရာ ဆရာမလိုအပ်ချက် သုံးသောင်းကျော်ရှိပါတယ်။ ကျွန်တော်တို့ သုံးသောင်းကျော်ကို တစ်နှစ်လျှင် ခွင့်ပြုချက်ဆရာအင်အား တစ်သောင်းကျော်နဲ့ သုံးနှစ်ဆက်တိုက် ဖြည့်ဆည်းဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ ကျွန်တော်တို့ဖြည့်ဆည်းရရှိမယ့် ဆရာအင်အားအလိုက် ခေါင်လန်ဖူးမြို့နယ်အတွက် ပြည့်စုံ

လုံလောက်သော ဆရာများဖြည့်ဆည်းပေးနိုင်ရေးကို ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော သစ်တောဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ ၃-၈-၂၀၁၇ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လို့တဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၇-၈-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ် (၁၅) ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်(၈၂)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော သစ်တောဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ဖြစ်တဲ့ ၃-၈-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၇-၈-၂၀၁၇ ရက်နေ့(တနင်္လာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ (က) ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)၊ (ခ) ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)၊ (ဂ) ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)၊ (ဃ) ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)၊ (င) ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)၊ (စ) ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)၊ (ဆ) ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)၊ (ဇ) ဦးအောင်ကျော်စံ(ပေါက်တောမဲဆန္ဒနယ်)၊ (ဈ) ဦးမြင့်ထွန်း (တန့်ဆည်မဲဆန္ဒနယ်)၊ (ည) ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)၊ (ဋ) ဦးထွန်းထွန်းနိုင် (ကနီမဲဆန္ဒနယ်)၊ (ဌ) ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)၊ (ဍ) ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)၊ (ဎ) ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)နှင့် (ဏ) ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)တို့ဖြစ်ကြပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဆွေးနွေးရန်နှင့် ပြင်ဆင်ရန်အဆို တင်သွင်းသူပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ် များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၉-၁၀-၂၀၁၇ ရက်၊ ၃၀-၁၀-၂၀၁၇ ရက်၊ ၃၁-၁၀-၂၀၁၇ ရက်၊ ၆-၁၁- ၂၀၁၇ ရက်နှင့် ၁၄-၁၁-၂၀၁၇ ရက်တို့မှာ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥိလည်းကောင်း၊ ၂၃-၁-၂၀၁၈ ရက်နေ့၊ ၂၄-၁-၂၀၁၈ ရက်နေ့၊ ၂၅-၁-၂၀၁၈ ရက်နေ့တို့မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥိလည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးများရဲ့သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၂)ချက်ရှိပြီး ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ မှ ၆ | ၅၊ ၇၊ ၈၊ ၁၀ ၁၆၊ ၁၈ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဎ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ပ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ(င) |
| (ဂ) | ၆ မှ ၁၂ | ၂၁၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁၊ ၃၅၊ ၃၇ | အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၈ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ် ၈ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၄)နှင့်(၅)၊ အပိုဒ် ၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၀ ခြေဆင်း |
| (ဃ) | ၁၄ မှ ၁၆ | ၄၄ မှ ၄၉၊ ၅၁ | အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၄ အပိုဒ်ခွဲ (ဃ)ကို ပယ်ဖျက် ခြင်း၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၆ |
| (င) | ၁၆ မှ ၂၀ | ၅၃၊ ၅၅၊ ၅၆၊ ၅၈၊ ၆၀ မှ ၆၄၊ ၆၆၊ ၆၉ | အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ခြေဆင်း၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(ဃ) |
| (စ) | ၂၁ မှ ၂၉ | ၇၃၊ ၇၇၊ ၇၉၊ ၈၁၊ ၈၃၊ ၈၉ မှ ၉၂၊ ၉၄၊ ၉၆၊ ၉၈၊ ၁၀၁ မှ ၁၀၃၊ | အပိုဒ် ၂၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၃၄ ခြေဆင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၅ ကို အပိုဒ် ၃၉ အဖြစ် ပြစ်မှုနှင့်ပြစ်ဒဏ်အခန်းသို့ ပြောင်းလဲပြင်ဆင်ခြင်း၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ အပိုဒ်ခွဲ(က) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဆ) | ၂၉ မှ ၃၈ | ၁၀၆ မှ ၁၀၉၊ ၁၁၁ မှ ၁၁၄၊ ၁၁၆ မှ ၁၂၄၊ ၁၂၇ မှ ၁၃၂၊ ၁၃၄ မှ ၁၃၆၊ ၁၃၈ | အပိုဒ် ၃၉ ခေါင်းစဉ်၊ အပိုဒ် ၃၉ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၄)နှင့်(၆)၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(ဃ)အဖြစ် ပြောင်းလဲပြင်ဆင်ခြင်း၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(င)အဖြစ် ပြောင်းလဲပြင်ဆင်ခြင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၈)ကို အပိုဒ် ၄၁ အပိုဒ်ခွဲ(စ)အဖြစ် ပြောင်းလဲပြင်ဆင်ခြင်း၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၉)ကို ပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၄၀ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၇)၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁ ခေါင်းစဉ်၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)(ဃ)(င)(စ)နှင့်(ဆ)၊ အပိုဒ် ၄၂ ခေါင်းစဉ်၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၄၄ ခေါင်းစဉ်၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇ ခေါင်းစဉ်၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၄၈ ကို အထွေထွေအခန်း အပိုဒ် ၄၉ အဖြစ် ပြောင်းလဲပြင်ဆင်ခြင်း |
| (ဇ) | ၃၈ မှ ၄၁ | ၁၄၀ မှ ၁၄၂၊ ၁၄၄၊ ၁၄၅၊ ၁၅၀၊ ၁၅၁၊ ၁၅၃ | အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အဆိုပြုပြင်ဆင်ချက်အပိုဒ် ၅၀ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၅၈ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ အပိုဒ်ခွဲ(က) |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့သဘောထား ပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို အတည်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်(၈၂)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၈၂)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဒေါ်ချိုချိုဝင်း၊ မော်လိုက်မဲဆန္ဒနယ်နှင့် ဥပဒေကြမ်းကော်မတီတို့က ပြင်ဆင်ချက်တစ်ချက်ကို တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ သစ်တောဥပဒေကြမ်း အခန်း(၄) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)မှ မူလအဆိုပြုချက်ဖြစ်တဲ့ လိုအပ်သော သစ်တောသယံဇာတကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ၁၀ နှစ်တစ်ကြိမ် ကောက်ယူ၍ စာရင်းဇယားပြုစုရမည်ဆိုတဲ့ စာပိုဒ်ပါ ၁၀ နှစ်တစ်ကြိမ်အစား ငါးနှစ်တစ်ကြိမ်ဟု ပြင်ဆင်ချက်အဆို တင်သွင်းခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ၁၀ နှစ်တစ်ကြိမ်အစား ငါးနှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်လိုခြင်းအကြောင်းရင်းများကို အပိုင်းလိုက် ခွဲခြားတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ လက်ရှိမြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှုနှုန်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှုန်းများဟာ အင်မတန်မှများပြားပြီးတော့မှ အရှိန်အဟုန်နဲ့ သစ်တောများ ပြုန်းတီးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၁၀ စုနှစ်များစွာ သစ်တောသယံဇာတကောက်ယူပြုစုခြင်းဟာ ဥပဒေထဲမှာသာရှိပြီး ပွင့်လင်းမြင်သာစွာ စည်းစနစ်တကျ ကောက်ယူပြုစုခြင်း မရှိခဲ့ပါဘူး။

၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေအရ ၁၀ နှစ်တစ်ကြိမ် သစ်တောဥပဒေအရ စာရင်းကောက်ယူမှု သာပါရှိပါတယ်။ ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေမှာတော့ ၁၀ နှစ်တစ်ကြိမ် ကောက်ယူနိုင်ရေး စီမံချက်ရေးဆွဲခြင်း၊ ဘဏ္ဍာငွေလိုအပ်ချက်တောင်းခံခြင်း၊ စာရင်းများ ကို ၅ နှစ် တစ်ကြိမ်ပြန်လည် သုံးသပ်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်းစသည်တို့ပါရှိပါတယ်။ သစ်တောသယံဇာတ စာရင်းပြုစုခြင်းနဲ့ပတ်သက်ပြီး တိတိကျကျသတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိခဲ့ပါဘူးရှင်။ နိုင်ငံတကာ သဘောတူစာချုပ်များအရ ကုလသမဂ္ဂ FAO အဖွဲ့အစည်းကိုတော့ ၅ နှစ်တစ်ကြိမ်စာရင်းဇယား တင်ပြရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကမ္ဘာ့နိုင်ငံအချို့ရဲ့ သစ်တောသယံဇာတစာရင်းဇယားပြုစုပုံကို Power Point ဖြင့် တင်ပြခွင့်ပြုပါရှင့်။ ဒီ Power Point မှာပါတာကတော့ မြန်မာနိုင်ငံနဲ့နီးစပ်တဲ့ တရုတ်နိုင်ငံ၊

အိန္ဒိယနိုင်ငံ၊ United State၊ UK ၊ ဂျပန်တို့ အနည်းငယ်သာ ကျွန်မဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင် သူတို့ဟာ သစ်တောသယံဇာတတွေကို NFI လို့ခေါ်တဲ့ National Forest Investment Method နဲ့ကောက်ယူပါတယ်။ အဲဒီအခါမှာ သူတို့ဟာ Schedule ရှိပါတယ်။ Column(4)မှာဆိုလို့ရှိရင် Time Frame ရှိပါတယ်။ Time Frame မှာကြည့်မယ်ဆိုရင် ၅ နှစ်တစ်ကြိမ်ရှိမယ်။ ၂ နှစ်တစ်ကြိမ်ရှိပါတယ်။ သူတို့ဟာဆိုလို့ရှိရင် ဒီလိုဘယ်လိုကောက်သွားတယ်ဆိုရင် သူတို့ရဲ့ Schedule ကတော့ Rolling System ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ ဒီ Time Frame အတွင်းမှာ နှစ်အလိုက် သူကကောက်ယူသွားတာဖြစ်ပါတယ်။ နောက် သစ်တောကြိုးဝိုင်းအကွက်ထဲမှာ Random Simple ဆိုတဲ့ ဒီအကွက်တွေကိုယူပြီးတော့မှ နှစ်အလိုက် သူကကောက်ယူပြီးတော့မှ နောက်ဆုံး Time Frame ရောက်တဲ့အချိန်မှာ စာရင်းဇယားပြုစုပြီးသား ဖြစ်သွားတာဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ အာဆီယံနိုင်ငံများဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့မှာဆိုလို့ရှိရင်လည်း သစ်တောပညာရှင်များရဲ့ ပြောပြချက်အရ သစ်တောသယံဇာတ စာရင်းဇယားပြုစုကောက်ယူတာဟာ နှစ်စဉ်လိုလိုဖြစ်နေပါပြီ။ ဥက္ကဋ္ဌကြီးရှင့်။ စာရင်းဇယားကောက်ယူပြုစုခြင်းနဲ့ပတ်သက်ပြီးတော့မှ နည်းပညာ၊ ကုန်ကျစရိတ်၊ လူအင်အားမဖြစ်မနေလိုအပ်မှာ ဖြစ်ပါတယ်။ နည်းပညာပိုင်းအရပြောရမယ်ဆိုရင် ယခုအချိန်မှာဆိုရင်ပေါ့ နည်းပညာများဟာဆိုလို့ရှိရင် နည်းပညာတွေရော၊ နောက်ခေတ်မီစက်ကိရိယာတွေရော အင်မတန်မှတိုးတက်နေတာကို အားလုံးအသိဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မိဘများလက်ထက်ကဆိုလို့ရှိရင် ကြိုးဝိုင်းသစ်တောကို မြေပုံနဲ့ပတ်သက်ပြီးတော့မှ စာရွက်တွေပေါ်မှာ သစ်သားပေတံကြီးတွေနဲ့ နောက် နီပြာတံဆိုတဲ့ ခဲတံကြီးတွေနဲ့ ရေးဆွဲပြီးတော့မှ ဒီသစ်တောတွေရဲ့ မြေဧရိယာတွေ၊ သစ်တောထဲမှာရှိတဲ့ သယံဇာတတွေကို လက်နှင့်ဒီလို ပြုစုခဲ့ရတာဖြစ်ပါတယ်။ အခုအခါမှာဆိုလို့ရှိရင်တော့ Setalight တွေ၊ Drone တွေ၊ Wireless ဆိုတဲ့စကားပြောစက်တွေ၊ Computer, Internet၊ Projector, Monitor, Fax Machine, Printer, Copier, GPS, GIS စတဲ့ နည်းစနစ်တွေရော ခေတ်မီစက်ကိရိယာတွေရော ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ကုန်ကျစရိတ်ပိုင်းကိုကြည့်မယ်ဆိုရင် လတ်ကလောစိစစ်နေတဲ့ မီနီဘတ်ဂျက်မှာ တင်ပြတောင်းခံထားတဲ့ အသုံးစရိတ်မှာဆိုလို့ရှိရင် ခေတ်မီစက်ပစ္စည်းကိရိယာတွေအများကြီးပါဝင်တာတွေ့ရပါတယ်။ ကိုယ်စားလှယ်များအနေနဲ့လည်း ဒီဟာတွေကိုလေ့လာသုံးသပ်စေချင်ပါတယ်။ နိုင်ငံတကာက နည်းပညာပိုင်းဆိုင်ရာရော၊ ငွေကြေးဆိုင်ရာတွေရော၊ အကူအညီတောင်းလေ့ရှိပါတယ်။ ကမ္ဘာ့ရာသီဥတုအရ နိုင်ငံအားလုံးဟာလည်း ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူအင်အားအရကြည့်မယ်လို့ရှိရင် မြန်မာနိုင်ငံမှာ သစ်တောဧရိယာရဲ့ ၄၂.၉၂ ရာခိုင်နှုန်းကို CF လို့ခေါ်တဲ့ Community Forest လုပ်ခွင့် ပြုထားပြီးသားဖြစ်ပါတယ်။ အဖွဲ့ပေါင်းဟာဆိုလို့ရှိရင်လည်း ၂၀၄၂ ဖွဲ့ရှိတယ်လို့ သိရပါတယ်။ သစ်တောတက္ကသိုလ်မှာလည်း နှစ်စဉ်ကျောင်းသားဦးရေ ၁၅၀ နဲ့လေးနှစ်သက်တမ်းအရဆိုလို့ရှိရင် ၆၀၀ ရဲ့အထက်မှာရှိပါတယ်။ ဒေသခံပြည်သူများ သက်ဆိုင်ရာ CSO အဖွဲ့အစည်းများအပြင် နိုင်ငံတကာအတွေ့အကြုံရှိတဲ့ သစ်တောပညာရှင်များစတဲ့ အင်အားစုများနဲ့ ဝန်ကြီးဌာနမှဝန်ထမ်းများ ပေါင်းစပ်ဆောင်ရွက်လိုက်မယ်ဆိုလို့ရှိရင် နှစ်ပေါင်းများစွာ

လျစ်လျူရှုထားခဲ့တဲ့ သစ်တောသယံဇာတစာရင်းများကို စနစ်တကျပြုစုနိုင်မှာဖြစ်ပါတယ်။ အနီးစပ်ဆုံး မှန်ကန်တဲ့ ကိန်းဂဏန်းများကိုလည်း ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ သယံဇာတကောက်ယူရာမှာ နိုင်ငံတကာ နည်းစနစ်များကိုလေ့လာပြီး ကိုယ့်နိုင်ငံရဲ့အခြေအနေနဲ့သုံးသပ်ပြီးတော့မှ နည်းနည်းနဲ့ကျဲကျဲ ဝိုင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ အချုပ်အားဖြင့်ပြောရမယ်ဆိုလို့ရှိရင် ကိန်းဂဏန်းအချက်အလက်များတဲ့ မြေပြင်အနေအထားနဲ့ ကိုက်ညီမှုရှိမှသာလျှင် နောင်အနာဂတ်မှာမှန်ကန်တဲ့ စီမံကိန်းများ၊ ပြည်သူ့အကျိုးပြုစီမံကိန်းများ၊ နိုင်ငံတော်ရငွေ၊ သုံးငွေများကို မှန်မှန်ကန်ကန်ရေးဆွဲနိုင်မှာဖြစ်ပါတယ်။ နောက် ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့စကားရှိပါတယ်။ သူများခြေတစ်လှမ်းရင် ကျုပ်တို့က ဆယ်လှမ်းလှမ်းနိုင်မှဆိုတာ ဖြစ်ပါတယ်။ ဆယ်လှမ်းလှမ်းနိုင်မှာ ဆိုတဲ့စကားကိုလည်း မမေ့ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုတစ်ရပ်လုံးရဲ့အကျိုးကို ရှေးရှုပြီးတော့မှ လွှတ်တော်ကြီး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်တီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းရဲ့ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)ကို အဆိုပြုပြင်ဆင်ချက်အတိုင်းဖြစ်တဲ့ လိုအပ်သောသစ်တောသယံဇာတစာရင်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ၁၀ နှစ်တစ်ကြိမ်ကောက်ယူ၍ စာရင်းဇယားပြုစုရမည်လို့ ဥပဒေကြမ်း ကော်မတီကနေပြီးတော့ သဘောတူလက်ခံထားရှိပါတယ်။ ဒီလိုသဘောတူလက်ခံထားတာနဲ့ ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ သစ်တောနဲ့သယံဇာစာရင်းကိုကောက်ခံတဲ့နေရာမှာ၊ စာရင်းဇယားပြုစုတဲ့နေရာမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ကျွန်တော်တို့မြေပြင်မှာ လက်တွေ့ရေတွက် ကောက်ခံတဲ့အပိုင်းနဲ့ ကောက်ခံပြီးတော့ ရရှိတဲ့စာရင်းဇယားနဲ့ ကောင်းကင်ကနေ ကောင်းကင် ဓာတ်ပုံယူပြီးတော့မှ ရိုက်ယူရတဲ့စာရင်းဆိုပြီး နှစ်ပိုင်းရှိပါတယ်။ မြေပြင်ကောက်ယူတဲ့ နေရာမှာတော့ အမျိုးအစားတွေနဲ့ အရေအတွက်ကို အနီးစပ်ဆုံး ရေတွက်ပြီးတော့ ကောက်ယူရတာ ဖြစ်ပြီးတော့ ကောင်းကင်ဓာတ်ပုံရိုက်ယူရတာကတော့ ရွက်အုပ်ပွင့်တောဆိုတဲ့ အပင်မြင့်ပိုင်းနဲ့ ရွက်အုပ်ပိတ်တော ဆိုပြီးတော့ ဒီလိုအပင်နိမ့်ပိုင်း၊ ချုံပိုင်းတွေကိုပဲ ရာခိုင်နှုန်းနဲ့ ခန့်မှန်းရရှိတာပဲ ဖြစ်ပါတယ်။ ကောင်းကင်ဓာတ်ပုံရိုက်ယူတာနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ငါးနှစ် (၁)ကြိမ်မှာ ဝန်ကြီး ဌာနက မှတ်တမ်းဓာတ်ပုံရိုက်ယူပါတယ်။ သို့သော်လည်း ဒီရိုက်ယူတဲ့စက်က ကျွန်တော်တို့နိုင်ငံမှာ အခုချိန်ထိ ဝယ်ယူနိုင်ခြင်းမရှိသေးပါဘူး။

အခုဒါ ဥပဒေကြမ်းမှာ ကောက်ယူတဲ့ ခုစာရင်း ဥပဒေကြမ်းမှပါတဲ့ ကောက်ယူမယ့်စာရင်း ဇယားကတော့ မြေပြင်လက်တွေ့ကောက်ယူရတဲ့ စာရင်းဇယားပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းအနေနဲ့ကတော့ ဥပဒေကြမ်းတစ်ခုကိုစိစစ်တဲ့နေရာမှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၉ မှာ အခြေခံရတဲ့မူ (၁၂)ချက်ရှိပါတယ်။ အဲဒီမူ (၁၂)ချက်ထဲမှာ တစ်ချက်ဖြစ်တဲ့

ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ ဆောင်ရွက်နိုင်မယ့်အခြေအနေရှိ/မရှိကို ကျွန်တော်တို့ကစိစစ်ရပါတယ်။ အဲဒီတော့လက်တွေ့မှာ သစ်တောဦးစီးဌာနမှာ လက်ရှိဝန်ထမ်း ၆၀၀၂ ယောက်ရှိပြီး စာရင်းဇယားတွေကို ကောက်ခံတဲ့အခါမှာ တစ်နှစ်ကို ခုနစ်ခရိုင်လောက်ကိုပဲ ဒီမြေပြင်လက်တွေ့ရေတွက်မှုကို ကောက်ခံနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့က တစ်နိုင်ငံလုံးမှာ ၆၈ ခရိုင်ရှိတဲ့အတွက်ကြောင့်မို့လို့ ၁၀ နှစ် (၁)ကြိမ်လောက် ကောက်ခံပြုစုနိုင်တယ်လို့ သိရှိရပါတယ်။ တကယ်လို့သာ ငါးနှစ် (၁)ကြိမ်သာ စာရင်းကောက်ခံမယ်ဆိုရင် ကျွန်တော်တို့လက်ရှိဝန်ထမ်း ၆၀၀၂ ဦးရဲ့တစ်ဆလောက် ဝန်ထမ်း ၆၀၀၀ လောက်ကို နိုင်ငံတော်က ထပ်ပြီးတော့ ခန့်ထားရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဝန်ထမ်း ၆၀၀၀ ရဲ့ဝန်ထမ်းလစာတွေက ဘဏ္ဍာငွေကို ပိုပေးသွားမှာဖြစ်ပါတယ်။ အခု လက်ရှိနိုင်ငံတော်အနေနဲ့လည်း ဒီဘဏ္ဍာငွေတွေကို သုံးစွဲနိုင်ခြင်းမရှိသေးပါဘူး။ တခြားအရေးကြီးတဲ့ ကဏ္ဍတွေမှာ ဒီ့ထက်သုံးနေရတာရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း တင်ပြမှုအပေါ်မှာ ပြည်သူ့လွှတ်တော် အဆိုပြုပြဋ္ဌာန်းချက်အပေါ်မှာ ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင် ဖြစ်ပါတယ်။ သစ်တောဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ လိုအပ်သောသစ်တောသယံဇာတစာရင်းများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ၁၀ နှစ် (၁)ကြိမ်ကောက်ယူတဲ့စာရင်းပြုစုရန်နဲ့ပတ်သက်ပြီးတင်ပြပါ့မယ်ခင်ဗျား။

သစ်တောဦးစီးဌာနအနေနဲ့ စာရင်းကောက်တဲ့နေရာမှာ ခုနက ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ အမိန့်ရှိသလိုပါပဲ။ သစ်တောအုပ်ချုပ်မှုစီမံချက်ကို ၁၀ နှစ်(၁)ကြိမ်ပဲ လုပ်ကိုင်လျက်ရှိပါတယ်။ သစ်တောသယံဇာတများကို ထိထိရောက်ရောက်နဲ့စနစ်တကျ မှန်ကန်စွာစီမံအုပ်ချုပ်နိုင်ရန်အတွက် မှန်ကန်ပြည့်စုံတဲ့ သတင်းအချက်အလက်တွေ ကောက်ယူရာမှာ အလွန်အရေးကြီးတဲ့အလျောက် ကျွန်တော်တို့သစ်တောသယံဇာတများကို စာရင်းကောက်လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ရပါတယ်။ စာရင်းကောက်ယူတဲ့ သစ်တောများရဲ့သစ်အမျိုးအစားအလိုက် ပေါက်ရောက်တဲ့ အပင်ပေါက်ရောက်မှု၊ ကြီးထွားမှု၊ မျိုးစပ်ပင်နှင့်ရှင်သန်ပေါက်ရောက်မှုအခြေအနေအစရှိတဲ့ ကိန်းကဏန်းအချက်အလက်များပေါ်မှာ စုစည်းပြီးတော့မှ ကွန်ပျူတာနဲ့တွက်ရပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့ ခုနကတင်ပြသလိုပါပဲ။ မြေပြင်မှာကို တစ်ပင်ချင်းအလိုက်ကို သစ်မျိုးအလိုက် ကျွန်တော်တို့ စာရင်းယူရပါတယ်။ ဒါမှသာလျှင် အပင်ရဲ့ပေါက်ရောက်မှု၊ ကြီးထွားမှု၊ မျိုးစပ်ရှင်သန်မှု၊ ပင်ထောင်ဇယား၊ သစ်ထုထည်ဇယား၊ နှစ်စဉ်ထုတ်ခဲ့သော တောထွက်အစရှိတဲ့

သယံဇာတအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ တွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လည်းပဲ ၁၀ နှစ် (၁)ကြိမ်ကို စီမံအုပ်ချုပ်ခွင့်ရေးဆွဲရခြင်းဖြစ်ပါတယ်။ အဲဒီလိုရေးဆွဲတဲ့နေရာမှာ ဒီစာရင်းဇယား ရလာပြန်တော့လည်းပဲ ရတဲ့စာရင်းဇယားတွေကို တစ်ခါ ဘဏ္ဍာရေးလိုအပ်ချက်တွေကို ပြုစုဖို့အတွက် တောင်းခံရပါတယ်။ စာရင်းများ ငါးနှစ် (၁)ကြိမ် ပြန်လည်သုံးသပ်ပြီးတော့ ပြည်ထောင်စု အစိုးရ အဖွဲ့ကိုတင်ပြခြင်းကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီအပြင် မြန်မာနိုင်ငံရဲ့လက်ရှိမှာရှိနေတဲ့ ခုနက ကြိုးဝိုင်းဧရိယာနဲ့ ဝန်ထမ်းနဲ့နှိုင်းယှဉ်ပြီးတော့ ပြောမယ်ဆိုလို့ရှိရင် ဥက္ကဋ္ဌကြီး ခုနကပြောသလိုပါပဲ။ ကျွန်တော်တို့ ဝန်ထမ်းအင်အားနဲ့ ပြောမယ်ဆိုရင် ဝန်ထမ်းတစ်ယောက်က ဧကပေါင်း ၈၂၃၆ ဧကကို ပြုစုထိန်းသိမ်းကာကွယ်စောင့်ရှောက်နေရပါတယ်။ ဒီအတိုင်းပါပဲ။ သစ်တောခရိုင် ၆၈ ခုရှိပါတယ်။ အကယ်၍ ကျွန်တော်တို့က ၁၀ နှစ်သာ စာရင်းကောက်မယ်ဆိုတာတောင်မှ ခုနစ်ခရိုင်လောက် ကောက်ရမှာပါ။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးလိုနေရာမျိုးဆိုရင် အင်မတန်ကြီးမားတဲ့ သစ်တောဧရိယာရှိတဲ့အတွက်ကြောင့် တော်တော်လေးကောက်ကိုယူရမှာပါ။ ခုနကပြောတဲ့ FAO ကနေပြီးတော့ Forest Resource Assessment-FRA ငါးနှစ် (၁)ကြိမ် ကောက်ယူတယ်ဆိုတာလည်း သူက ဂြိုလ်တုနဲ့အပေါ်ကနေပြီးတော့ သူ့ရဲ့ Seen တွေကို ကြည့်ပြီးတော့ သစ်တောဖုံးလွှမ်းမှုကိုသာ သူကတွက်တာဖြစ်ပါတယ်။ အောက်မှာရှိတဲ့အပင်တွေရဲ့အရေအတွက်ကို တွက်တာမဟုတ်ပါဘူး။ ဒါကြောင့် မို့လို့ ဝန်ထမ်းအင်အား၊ ရန်ပုံငွေ၊ နည်းပညာများ လိုအပ်ချက်ရှိတဲ့အတွက် သစ်တော ဥပဒေကြမ်း အခန်း(၄) အပိုဒ် ၁၁ အပိုဒ်ခွဲ(၈)အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လိုအပ်သော သစ်တောသယံဇာတစာရင်းများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ၁၀ နှစ် (၁)ကြိမ်ကောက်ယူ၍ စာရင်းဇယားပြုစုရန်အဆိုနဲ့ပတ်သက်ပြီးတော့ ထားရှိပါကြောင်း၊ သဘောတူညီပါကြောင်းနှင့် သစ်တောဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့်အတိုင်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ) နဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဆွေးနွေးခဲ့ပြီး ဒေါ်ချိုချိုဝင်းက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါ်ချိုချိုဝင်းရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုတဲ့ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း၂၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ) သည် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းတဲ့ သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် သစ်တောဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော သစ်တောဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အသိပေးတင်ပြလိုပါတယ်။ ဒီဥပဒေကြမ်းကို ဆောင်ရွက်တဲ့အခါမှာ ခုနကအကြံပြုဆွေးနွေးခဲ့တဲ့၊ ပြင်ဆင်ချက်တင်သွင်းခဲ့တဲ့အဆိုတွေ၊ ပုဂ္ဂိုလ်တွေနဲ့ ဥပဒေကြမ်းကော်မတီက အပိုဒ် ၃ မှာပါတဲ့ အတိုင်း အကြိမ်ကြိမ်အခါခါညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ညှိနှိုင်းဆွေးနွေးတဲ့ဆုံးဖြတ်ချက်အရ အပိုဒ် ၄ မှာပါတဲ့အတိုင်း ကျွန်တော်ဖတ်ပြပါမယ်။ ယင်းညှိနှိုင်းအစည်းအဝေးများ၏သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၈၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်ဆိုပြီးတော့ ဒီလိုပေးပို့ခဲ့တယ်။ ဒီလိုပေးပို့တဲ့အခါမှာလည်း ဥပဒေကြမ်းကော်မတီကလည်း တင်သွင်းတယ်။ ကျွန်တော့်ဘက်ကလည်း သဘောတူမတူသုံးခါမေးတယ်။ နောက်တစ်ခါ သဘောမတူသူရှိပါသလားမေးတယ်။ မေးတဲ့အခါမှာလည်း မရှိဘူး။ မရှိတဲ့အခါကျတော့ (၈၂)ချက်က အတည်ဖြစ်သွားတယ်။ အဲဒီလိုပြီးမှ ကိုယ်စားလှယ်တစ်ဦးကနေပြီးတော့ ဒီအချက်က သူဆွေးနွေးတုန်းက ပြင်ဆင်ချက်ထဲမှာမပါလို့ စာတိုပေစနဲ့လာပြီးတော့ ပြောလို့ ကျွန်တော်တို့ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက် လွှတ်တော်မှာ သုံးကြိမ်သုံးခါသဘောတူတာမေးတယ်။ မတူသူရှိပါသလားမေးတယ်။ မတူသူရှိတဲ့အချိန်ကလည်း မကန့်ကွက်ဘူး။ ပြီးတော့မှ ဒါကိုဒီလိုဆိုတာကတော့ ကျွန်တော်တို့ ပြန်လည်ပြီးတော့လွှတ်တော်တစ်ခုလုံးရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြောင်းပေးမှာမဟုတ်ပါဘူး။ တကယ်လို့ ကိုယ့်အခွင့်အရေးရှိပါသေးတယ်။ ဒီဥပဒေကြမ်းက အမျိုးသားရောက်မယ်။ ပြည်ထောင်စုရှိမယ်။ အဲဒီအခါကျရင် ကိုယ့်ကိုယ်စားလှယ်ရဲ့ကိုယ်ကိုယ်တိုင်က အခွင့်အရေးမဆုံးရှုံးအောင် ကိုယ်ကြိုးစားစေချင်ပါတယ်။ တကယ်လို့ ဥပဒေကြမ်းစဝေထားတုန်းကလည်း ကိုယ်ကြည့် လိုက်လို့ ကိုယ့်ဟာမပါဘူးဆိုရင် ကျွန်တော်တို့ကို ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြလို့ရပါတယ်။ ပြောလို့လည်းရပါတယ်။ ဆုံးဖြတ်ပြီးမှတော့ သဘောမတူသူရှိပါသလားဆိုတော့က မကန့်ကွက်ဘဲနဲ့ အားလုံးပြီးမှတော့ ဒီလို ဒီလိုရှိပါတယ်ဆိုပြီးတော့ ကျွန်တော်တို့လွှတ်တော်တစ်ခုလုံးရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြောင်းပေးမှာ

မဟုတ်ပါဘူး။ ကိုယ်စားလှယ်အခွင့်အရေးမဆုံးရှုံးအောင်တော့ အမျိုးသားလွှတ်တော်ရောက်မယ်။ ပြည်ထောင်စုလွှတ်တော်ရောက်တဲ့အခါမှာ ကိုယ့်ဘာကိုယ်ပြန်ပြီးတော့ စဉ်းစားသုံးသပ်စေချင်ပါတယ်။ ဒါကို အားလုံးကိုအသိပေးအပ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ (၉.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Ohn Maung | U Aung Hlaing Win




U Sai Ngaung Seng Hein | U Win Maw Tun




U Min Thein | U Win Maw Tun




Dr Aung Khin | U Win Maw Tun




U Khin Maung Thi | U Win Maw Tun




U Arr Moe Si | U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်